ငါးဆူကုန်းကျေးရွာ
ချီပါကျေးရွာအုပ်စု၊ရွှေဘိုမြို့နယ်
စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း
(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ လက်ယက်ကုန်းကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရွှေဘိုမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

စက်တင်ဘာလ၊ ၂၀၁၈

မာတိကာ

မာတိကာ

လက်ယက်ကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ရွှေဘိုမြို့နယ်

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား-မ ရေးရာ

(ဈ) လူငယ်ဖွံ့ဖြိုးရေး

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲ(၁) - လက်ယက်ကုန်းကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား


လက်ယက်ကုန်းကျေးရွာ ဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

ဆင်ခြင်းတုံး ကျေးရွာဖွံ့ဖြိုးရေးနှင့် ဘဏ္ဍာရေးပိုင်းဆိုင်ရာ ပါဝင်သူများ၏ တည်နေရာ ဖြေပုံ နှင့်

4.6.2018

သဘာဝအကျင့်အဖြစ်အပျက်များ

ကျွဲတို - အိပ်နွှဲ လမ်းမ



ငါးဆူကုန်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှတ်တမ်း

၁။ တည်နေရာနှင့်ပထဝီအနေအထား

ငါးဆူကုန်းကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၏ အနောက်ဘက် (၇)မိုင်ခန့် အကွာတွင် တည်ရှိသော ကျေးရွာဖြစ်ပါသည်။ ရွှေဘို-ဆိပ်ခွန်လမ်းမကြီး၏ တောင်ဘက်တွင် တည်ရှိပြီး အကျယ်အဝန်းအားဖြင့် (၃၀)ဧက ကျယ်ဝန်းပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် လက်တံ(၇)အမည်ရှိသော တူးမြောင်းရှိပါသည်။ ကျေးရွာ၏ ဘေးပတ်လည်တွင် လယ်စိုက်ခင်းများ ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

သဘာဝပေါက်ပင်များမှာ တမာ၊ မန်ကျီး၊ ဇီး၊ ကုက္ကို၊ ထနောင်းနှင့် ကန္တာရအပင်များ ပေါက်ရောက်ပါသည်။ မိုးစပါး၊ နွေစပါး သီးထပ်စိုက်ပျိုးနိုင်သော လယ်မြေ(၁၂၆)ဧကရှိပါသည်။ ကျေးရွာရှိလယ်မြေများမှာ သဖန်းဆိပ်ဆည်ရေသောက် ဧရိယာအတွင်းရှိသဖြင့် စိုက်ပျိုးရေ လုံလောက်စွာ ရရှိပါသည်။ သဘာဝဆေးဘက်ဝင်အပင်များအနေဖြင့် ကျောက်ကွဲ၊ မြင်းခွာ၊ ဆင်တုံး မန္တယ်နှင့် ဆင်နာမောင်းပင်များ ပေါက်ရောက်ပါသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ငါးဆူကုန်းကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများအားဖြင့် ရွာမိရွာဖအဖွဲ့၊ ဂေါပက၊ လျှပ်စစ်မီးလင်းရေးကော်မတီ၊ လမ်းကော်မတီ၊ ကျောင်းကော်မတီ၊ လူမှုရေးအဖွဲ့၊ မီးသတ်အဖွဲ့ဟူ၍ (၇)ဖွဲ့ရှိပါသည်။ ထိုအဖွဲ့များတွင် ဂေါပကအဖွဲ့သည် စွမ်းဆောင်မှုအားကောင်းပြီး ကျန်အဖွဲ့များ၏ စွမ်းဆောင်မှုမှာ သင့်တင့်ပါသည်။ ရပ်ရေးရွာရေးကိစ္စများတွင် အဖွဲ့အစည်းအားလုံးပူးပေါင်း၍ ကျေးရွာသူ/ကျေးရွာသားများနှင့်အတူ ဆောင်ရွက်ကြပါသည်။ လမ်းကော်မတီမှ ဦးဆောင်ပြီး ကျေးရွာတောင်သူများ၏ ထည့်ဝင်ငွေများဖြင့် လမ်းပြုပြင်ခြင်းများ ဆောင်ရွက်ကြပါသည်။

ယခင်က ကျေးရွာဖွံ့ဖြိုးရေးအတွက် ရေရှည်စီမံချက်ချမှတ်၍ ဆောင်ရွက်သည့် အဖွဲ့အစည်း မရှိခဲ့သော်လည်း (၂၈.၅.၂၀၁၈)ရက်နေ့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲနည်းသင်တန်း တက်ရောက်ပြီးနောက် ကျေးရွာဖွံ့ဖြိုးရေးကို ရေရှည်ဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခဲ့ပြီး ကျေးရွာ၏ လိုအပ်ချက်များကို စီမံချက်များရေးဆွဲထားရှိပြီးဖြစ်ပါသည်။ ကျေးရွာသို့ ပြင်ပအဖွဲ့အစည်း အနေဖြင့် UNDPအဖွဲ့မှ ဝက်အကောင်ပေါက်များ ချထားပေးမှု ရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ငါးဆူကုန်းကျေးရွာတွင် အိမ်ထောင်စု(၉၈)စုရှိပြီး ကျား(၁၅၃)ဦး၊ မ(၁၇၂)ဦး၊ စုစုပေါင်း လူဦးရေ(၃၂၅)ဦးဖြစ်ရာ တစ်အိမ်ထောင်စုလူဦးရေပျမ်းမျှ (၄)ဦးခန့်ရှိပါသည်။ သို့ပါ၍ ကျေးရွာ၏ လူဦးရေမှာ တစ်အိမ်ထောင်လျှင် (၅)ဦးအောက်ဖြစ်သဖြင့် တစ်နိုင်ငံလုံးပျမ်းမျှလူဦးရေနှင့် ယှဉ်လျှင် လူသားအရင်းအမြစ် နည်းနေပါသည်။ သို့ရာတွင် အလုပ်လုပ်နိုင်သည့်လူဦးရေ (၂၃၈)ဦးရှိသဖြင့် လူလတ်ပိုင်းများသည်ကို တွေ့ရပါသည်။ နို့စို့အရွယ်နည်းပါးရခြင်းမှာ စီးပွားရေးမပြေလည်မှုနှင့် သန္ဓေတားဆေးများ သုံးစွဲမှုကြောင့် ဖြစ်ပါသည်။

ငါးဆူကုန်းကျေးရွာတွင် တောင်သူဦးရေနည်းပါးပြီး ယက္ကန်းလုပ်ကိုင်သူများနှင့် ကျပန်း လုပ်ကိုင်သူဦးရေများပြားပါသည်။ အိမ်ထောင်စု(၉၈)စုတွင် လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူ (၃၉) အိမ်ထောင်စုရှိပြီး အိမ်ထောင်စု(၂၁)စုသည် လယ်မြေပိုင်ဆိုင်ကြသည်။ အဓိကဝင်ငွေရလုပ်ငန်း အဖြစ် ယက္ကန်းလုပ်ကိုင်သူ(၉)အိမ်ထောင်စု၊ ကျပန်းလုပ်ကိုင်သူ (၅၀)အိမ်ထောင်စုရှိပါသည်။ စိုက်ပျိုးရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများအဖြစ် ယက္ကန်း၊ စက်ချုပ်နှင့် ဈေးရောင်းဝယ်ရေးလုပ်ငန်းကိုလည်း တွဲဖက်လုပ်ကိုင်ကြပြီး ယက္ကန်းလုပ်ငန်းကို အများဆုံး တွဲဖက်လုပ်ကိုင်ကြပါသည်။ ကျပန်းလုပ်ကိုင်သူများသည် ပျိုးနှုတ်၊ ကောက်စိုက်၊ ချည်ဝယ်ပေးခြင်း၊ ချည်ဆေးဆိုးဖိုရှိရာသို့ သွားရောက် ချည်ဆေးဆိုးပေးခြင်းများ လုပ်ကိုင်ကြပါသည်။ ကောက်စိုက်ပျိုးနှုတ်စသည့် လယ်ယာလုပ်ငန်းခွင်တွင် တစ်နေ့လျှင် လုပ်အားခ အမျိုးသားများအနေဖြင့်(၆၀၀၀)ကျပ်ရရှိပြီး၊ အမျိုးသမီးများမှာ (၅၀၀၀)ကျပ်ရရှိကြပါသည်။

လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူများသည် မိုးစပါး၊ နွေစပါးသီးထပ်စိုက်ပျိုးကြပြီး စုစုပေါင်း စိုက်ဧက (၁၂၆)ဧက ရှိပါသည်။ မိုးစပါးနေဖြင့် ရွှေဘိုပေါဆန်း(ဘေးကြား)ကို ဩဂုတ်လမှ ဧန်နဝါရီလအတွင်း စိုက်ပျိုးကြပါသည်။ တစ်ဧကပျမ်းမျှ (၆၅)တင်းခန့်ထွက်ရှိ၍ အမြတ်ငွေရရှိမှုမှာ သင်တင့်ပါသည်။ နွေစပါးအနေဖြင့် ဂုဂုဂ၊ ဘီဂျီ၊ ပုလဲသွယ်နှင့် ရွှေဝါထွန်းတို့ကို မတ်လမှ ဇွန်လအတွင်း စိုက်ပျိုးကြ၍ တစ်ဧကပျမ်းမျှ (၉၀)တင်းခန့် ထွက်ရှိပါသည်။ အမြတ်ငွေ သင့်တင်ပါသည်။ ကျေးရွာရှိလယ်မြေများသည် သဖန်းဆိပ်ဆည်ရေသောက်ဧရိယာတွင် ရှိသဖြင့် နွေ၊ မိုး၊ ဆောင်းရေလုံ လောက်စွာရရှိနိုင်သည့် အခွင့်အလမ်းကောင်းရှိပါသည်။ လယ်ယာသုံးစက်ကိရိယာများတွင် လက်တွန်းထွန်စက်(၁၄)စီး၊ ခွေလှေ့စက်(၃)စီး၊ ရေစုပ်စက်(၁၂)လုံး၊ မြတ်ရိတ်စ်(၈)လုံး ပိုင်ဆိုင်ကြပြီး ကျန်လယ်သမားများသည် ငှားရမ်းအသုံးပြုကြပါသည်။ လယ်သမားများသည် မိရိုးဖလာ

စိုက်ပျိုးရေးနည်းစနစ်များဖြင့် စိုက်ပျိုးနေခြင်း၊ ခါတ်မြေဩဇာသုံးစွဲမှု မမှန်ကန်ခြင်းနှင့် ပိုးမွှားကာကွယ်ရေး စိုက်ပျိုးရေးနည်းပညာများ အားနည်းခြင်းတို့ကြောင့် သီးနှံများ ပိုးမွှား ကျရောက်ကာ မြေဆီလွှာများ ပျက်စီးမှု ဖြစ်ပွားရပါသည်။ မိုးစပါး၊ နွေးစပါး သီးထပ်စိုက်ပျိုးခြင်း ကြောင့်လည်း မြေဆီလွှာများ အရည်အသွေးကျဆင်းလာသည်ကို တွေ့ရပါသည်။ သို့ပါ၍ သီးနှံ ပိုးမွှားရောဂါအသိ ပညာပေးခြင်း၊ စိုက်ပျိုးရေးစက်ကိရိယာသုံးစွဲနည်းသင်တန်းများ ဖွင့်လှစ်ပေး ခြင်းများရရှိပါက သီးနှံအထွက်နှုန်းများ ပိုမိုမြင့်မားလာမည်ဖြစ်ပါသည်။

မွေးမြူရေးတွင် ကျွဲ၊ နွားများကို လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက်သာ မွေးမြူကြပါသည်။ ဝက်မွေးမြူရေးမှာ UNDP အဖွဲ့မှ တစ်အိမ်ထောင်လျှင် ဝက်ကောင်ပေါက်(၂) ကောင်နှုန်းချထားပေးခြင်းမှ ရရှိပြီး မွေးမြူခြင်းဖြစ်ပါသည်။ ငါးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုမရှိပါ။

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

ငါးဆူကုန်းကျေးရွာသည် ရွှေဘိုမြို့၏ အနောက်တောင်ဘက် (၇)မိုင်ခန့်အကွာ ရွှေဘို-ဆိပ်ခွန်လမ်းမကြီး၏ တောင်ဘက်တွင် တည်ရှိပါသည်။ ကျေးရွာထိပ်တွင် ဘုန်းကြီးကျောင်းနှင့် စေတီ(၁)ဆူ၊ ရေကန်(၁)ကန်ရှိပါသည်။ ကျေးရွာ၏ တောင်ပိုင်းတွင် စာသင်ကျောင်းရှိပါသည်။ ကျေးရွာ၏အရှေ့ဘက် လယ်ကွင်းများဘေးတွင် လက်တံ(၇)တူးမြောင်းရှိကာ ထိုတူးမြောင်းမှ စိုက်ပျိုးရေ လုံလောက်စွာရရှိပါသည်။

ရွာအဝင်လမ်းမှာ မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကိစ္စ ရပ်များ ဆောင်ရွက်ရာ၌ အခက်အခဲများ ကြုံတွေ့ရသဖြင့် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ပေးရန်လိုအပ်ပါသည်။ ရွာတွင်းလမ်းမှာလည်း မြေသားလမ်းဖြစ်ပြီး ကျဉ်းမြောင်း၍ ကောက်ကွေ့ နေသောကြောင့် ထုတ်ကုန်ပစ္စည်းများ သယ်ယူရာတွင် ခက်ခဲပါသည်။ သို့ပါ၍ ရွာတွင်းလမ်းအား လမ်းမြေချဲ့ထွင်ပြီး ဖြောင်းဖြူးစွာခင်းပေးရန် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြထားပါသည်။

ငါးဆူကုန်းကျေးရွာတွင် မူလတန်းကျောင်း(၁)ကျောင်းရှိပြီး ကျောင်းဆောင်(၂)ဆောင်ရှိပါ သည်။ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ဗိုလ်တဲကုန်းကျေးရွာနှင့် ချီပါကျေးရွာအုပ်စုတို့၏ ကျေးလက်ဆေးပေးခန်းမှ ရရှိပါသည်။

ကျေးရွာသောက်သုံးရေရရှိမှုတွင် ကိုယ်ပိုင်အားဖြင့် ရေတွင်း(၃)တွင်း၊ အဝီစိတုံကင်(၈၁) တွင်း ပိုင်ဆိုင်ကြပြီး ကျန်အိမ်ထောင်စုများမှာ နီးစပ်ရာရေတွင်းများတွင် တွဲဖက်အသုံးပြုကြခြင်း ဖြင့် သောက်သုံးရေ လုံလောက်စွာ ရရှိပါသည်။ သောက်သုံးရေအရည်အသွေး စမ်းသပ်ထားခြင်း မရှိပါ။

ငါးဆူကုန်းကျေးရွာသည် လျှပ်စစ်မီးမရရှိသေးသဖြင့် ဆိုလာမီးကို အများဆုံး အသုံးပြုကြပါသည်။ ကျေးရွာမီးလင်းရေးကော်မတီမှ ဓါတ်မီးတိုင်များ စိုက်ထူ၍ လျှပ်စစ်မီးကြိုးများ သွယ်တန်းထားရှိပြီးဖြစ်သဖြင့် လျှပ်စစ်ဌာနမှ လျှပ်စစ်မီးသုံးစွဲခွင့်ရရှိပါက ကျေးရွာတစ်ရွာလုံး လျှပ်စစ်မီးသုံးစွဲနိုင်မည်ဖြစ်ပြီး စက်ယက္ကန်းဆောင်ရွက်လာနိုင်ခြင်းကြောင့် ယက္ကန်းလုပ်ငန်းများ ဖွံ့ဖြိုးလာမည် ဖြစ်ပါသည်။

ဆက်သွယ်ရေးမှာ မိုဘိုင်းဖုန်းအသုံးပြုကြပါသည်။ ကျေးရွာအတွင်း မိုဘိုင်းဖုန်း(၁၀၂)လုံးရှိသဖြင့် အိမ်ထောင်စုတိုင်း မိုဘိုင်းဖုန်းသုံးစွဲနိုင်သည်ဟု ဆိုရမည်ဖြစ်ပါသည်။ သတင်းနှင့် အချက်အလက်များကို တီဗွီနှင့် ဂြိုလ်တုစလောင်းမှ ရရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငါးဆူကုန်းကျေးရွာတွင် စိုက်ပျိုးရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေကို လယ်(၁)ဧကလျှင် (၁၅၀၀၀၀/-)ဖြင့် (၁၀)ဧကအထိ ချေးယူရရှိနိုင်ပါသည်။ ကျေးရွာတွင် အ ခြားငွေကြေးဝန်ဆောင်မှု မရရှိပါ။

(င) ပညာရေး

ငါးဆူကုန်းကျေးရွာတွင် အခြေခံမူလတန်းကျောင်းကို (၁.၆.၁၉၈၉)ရက်နေ့မှ စတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းဆောင်(၂)ဆောင်ရှိပါသည်။ ကျောင်းဝန်းဧရိယာမှာ(၀.၇၃)ဧက ကျယ်ဝန်းပြီး စာသင်ကျောင်း၏ ဧရိယာမှာ(၂၄၃၀)စတုရန်းပေ ကျယ်ဝန်းပါသည်။ သို့သော်လည်း အလယ်တန်းကျောင်းအဆင့်မရှိသဖြင့် ကျောင်းသား/ကျောင်းသူများသည် ဆိပ်ခွန်ကျေးရွာသို့ သွားရောက်ပညာသင်ကြားကြရပါသည်။ ဆိပ်ခွန်ကျေးရွာသို့ ကျောင်းတက်ရာ၌ ကလေးများအတွက် အန္တရာယ်ရှိခြင်း၊ ကျောင်းအချိန်မီသွားရောက်ရန် ခက်ခဲခြင်း၊ စာပေလေ့လာကျက်မှတ်ချိန်နည်းပါးခြင်းတို့ ကြုံတွေ့ရပါသည်။ သို့ဖြစ်ပါ၍ အလယ်တန်းကျောင်းအဆင့် တိုးမြှင့်ခွင့်ရရှိပါက စာသင်ကြားရာတွင် အဆင်ပြေချောမွေ့ပြီး ပညာရေးတွင် အချိန်ပိုမို အသုံးပြု လာနိုင်၍ ပညာတတ်ဦးရေများပြားလာမည်ဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းပညာကျွမ်းကျင်မှု အနေဖြင့် ယက္ကန်းပညာကိုသာ အများအားဖြင့် တတ်မြောက်ကြပြီး လူငယ်များအတွက် အခြား အသက်မွေးဝမ်းကျောင်းပညာများ လိုအပ်မှုရှိနေပါသေးသည်။ ကျေးရွာမှ လူငယ်များမှ စက်ယက္ကန်း၊ စက်ကြီးမောင်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန် စီမံချက်ရေးဆွဲတင်ပြ ထားပါသည်။

(စ) ကျန်းမာရေး

ငါးဆူကုန်းကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ ဗိုလ်တဲကုန်းကျေးရွာနှင့် အုပ်စုကျေးရွာဖြစ်သည့် ချီပါကျေးလက်ဆေးပေးခန်းမှ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား တစ်လလျှင်တစ်ကြိမ် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်းနှင့် အားဆေးတိုက်ကျွေးခြင်းများလည်းရှိပါသည်။ ကျေးရွာတွင် ကျန်းမာရေးအသိပညာနည်းပါးခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောခြင်း၊ သွေလွန်တုပ်ကွေးနှင့် သွေးတိုးရောဂါများ အဓိကဖြစ်ပွားပါသည်။ ဆိပ်ခွန်တိုက်နယ်ဆေးရုံနှင့် ရွှေဘိုမြို့ဆေးရုံသို့ (၅)မိုင်ခန့် သွားရောက်ကုသရသည့်အခါ ကျန်းမာရေးဆိုးရွားသည့် အရေးပေါ်အခြေအနေများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် အသက်ကြီးသည့် အရွယ်များအတွက် အချိန်မီကုသရန် အခက်အခဲရှိပါသည်။ သို့ပါ၍ ကျန်းမာရေးအသိပညာများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိရန် ကျေးလက်ဆေးပေးခန်း လိုအပ်ပါသည်။ အာဟာရအနေဖြင့် ဆိုးရွားသောအခြေအနေ မကြုံတွေ့ရပါ။

ကျေးရွာတွင် ရွာဦးကျောင်းဆရာတော်၏ ဦးဆောင်မှုဖြင့် စုပေါင်းသန့်ရှင်းရေးကို မကြာခဏ ဆောင်ရွက်လေ့ရှိပါသည်။ အိမ်ထောင်စု(၉၈)စုတွင် ယင်လုံအိမ်သာ ကိုယ်ပိုင်သုံးစွဲသည့် အိမ်ထောင်စု (၈၃)စုရှိပါသည်။ ကျန်(၁၅)အိမ်ထောင်စုသည် နီးစပ်ရာ ဆွေမျိုးမိတ်ဆွေများထံတွင် ပေါင်းစပ်အသုံးပြုကြပါသည်။

(ဆ) ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ငါးဆူကုန်းကျေးရွာ၏ ဘေးပတ်လည်တွင် လယ်မြေများရှိပါသည်။ မြေဆီလွှာများမှာ မူလအသင့်အတင့်ကောင်းမွန်သော်လည်း ဓါတ်မြေဩဇာသုံးစွဲမှု မမှန်ကန်ခြင်း၊ ပိုးမွှားကာကွယ်ရေးအတွက် ပိုးသတ်ဆေးသုံးစွဲမှုနည်းပညာများအားနည်းခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးကျဆင်းလာသည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင် ဆိုးရွားသည့် ဘေးအန္တရာယ် မကြုံတွေ့ရပါ။

(ဇ) ကျား-မ ရေးရာ

ကျေးရွာရှိ အမျိုးသမီးများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသော်လည်း ရပ်ရွာအရေးပါသော ကိစ္စရပ်များတွင် ဦးဆောင်စီမံမှု အားနည်းနေပါသည်။ အမျိုးသမီးများသည် လယ်ယာစိုက်ပျိုးရေးတွင် ကောက်စိုက်၊ ပျိုးနှုတ်ခြင်းများ၊ ယက္ကန်းယက်ခြင်းများ လုပ်ကိုင်ကြပါသည်။ ဘာသာရေးပွဲတော်များ၊ လူမှုရေးကိစ္စများတွင် အမျိုးသားများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြပါသည်။

(ဈ) လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာရှိ လူငယ်များသည် လူမှုရေးလုပ်ငန်းများ၊ ဘာသာရေးကိစ္စများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ သို့သော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် အသင့်အတင့်သာရှိပါသည်။ လူငယ်များသည် စိုက်ပျိုးရေးလုပ်ငန်းပြီးဆုံးချိန်တွင် ယက္ကန်းလုပ်ငန်း ကိုသာ ဝိုင်ဝန်းဆောင်ရွက်ကြပြီး အခြားအလုပ်အကိုင်အခွင့်အလမ်းများ လုပ်ကိုင်နိုင်ရန်အတွက်မူ အသက်မွေးဝမ်းကျောင်းပညာများ လိုအပ်နေပါသေးသည်။ လူငယ်များ၏ အသိပညာဖွံ့ဖြိုး တိုးတက်လာရန် စာပေဗဟုသုတများလေ့လာရန် စာကြည့်တိုက်လိုအပ်နေပါသည်။ အားလပ်ချိန် များတွင် စာကြည့်တိုက်မရှိခြင်း၊ ဘောလုံး၊ ခြင်းကွဲသို့သော အားကစားပြုလုပ်ရန် နေရာများ မရှိခြင်းတို့ကြောင့် အားလပ်ချိန်များတွင် မိုဘိုင်းဖုန်းသုံးစွဲမှု များလာပါသည်။

ရွှေဘိုမြို့နယ်၊ ချီပါကျေးရွာအုပ်စု၊ ငါးဆူကုန်းကျေးရွာ အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	လျှပ်စစ်	၁၅' အကျယ် ဖြောင့်ဖြူးသော ရွာတွင်းလမ်း ကမ္ဘာမြေခင်းခြင်း	၁
၂	အခြေခံအဆောက်အဦ	EPC မှ မဟာဓါတ်အားလိုင်းဆောင်ရွက်ပေးခြင်း	၂
၃	ကျန်းမာရေး	ဆေးပေးခန်းတည်ဆောက်ခြင်း	၃
၄	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စား စီးပွားရေးလုပ်ငန်းများ ဆိုင်ရာ	ယက္ကန်းလုပ်သူများအတွက် ချည်ဆေးဆိုးဖို တည်ဆောက်ခြင်း	၄
၅	အခြေခံအဆောက်အဦ	၇၀၀' ရှိသော ရွာအဝင် ကျောက်ချောလမ်း အဆင့်မြှင့်တင်ခြင်း	၅
၆	ပညာရေး	စက်ယက္ကန်း၊ စက်ကြီးမောင်း၊ အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ပေးခြင်း	၆
၇	စိုက်ပျိုးရေး	စိုက်ပျိုးရေးနှင့် ပတ်သက်၍ သီးနှံပိုးမွှားရောဂါ အသိပညာပေးခြင်း၊ စက်ကိရိယာနှင့် နည်းပညာပေးခြင်း	၇
၈	လူငယ်နှင့်အားကစား	စာကြည့်တိုက်တည်ဆောက်ခြင်း	၈
၉	ပညာရေး	အလယ်တန်းကျောင်း အဖြစ် အဆင့်မြှင့်တင်ခြင်း	၉
၁၀	လူငယ်နှင့်အားကစား	ဘောလုံးကွင်း ဆောင်ရွက်ခြင်း	၁၀

ရွှေဘိုမြို့နယ်၊ ငါးဆူကုန်းကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့်စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁။	ရွာထုတ်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရန် ခက်ခဲခြင်း	ရွာတွင်းလမ်းများကျဉ်းမြောင်းခြင်း လမ်းမကောင်းခြင်း	လုပ်အားပါဝင်နိုင်ခြင်း	လမ်းများကောက်ကွေ့ခြင်း	ကျေးရွာမှ မူလလမ်းဟောင်းများ ဖော်ထုတ်ပေးခြင်း ကျေးလက်လမ်းဦးစီးဌာနသို့ တင်ပြဆောင်ရွက်ခြင်း	၁၅' အကျယ်ဖြောင့်ဖြူးသော ရွာတွင်းလမ်း ကမ္ဘာမြေခင်းခြင်း
၂။	လျှပ်စစ်မီးမရရှိသေးခြင်း	လျှပ်စစ်ဌာနမှ မီးသုံးစွဲခွင့်မရရှိသေးခြင်း	၄၀၀ V လိုင်း ၇၀% ခန့်ဆွဲထား ပြီး၊ လုပ်အား	လမ်းများကောက်ကွေ့ခြင်း၊ ငွေကြေး	EPC နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	EPC မှ မဟာဓါတ်အားလိုင်းဆောင်ရွက်ပေးခြင်း
၃။	တိုက်နယ်ဆေးရုံနှင့် (၂)မိုင်ခန့် ကွာဝေးသဖြင့် အရေးပေါ်ကိစ္စရပ်များတွင် အချိန်မီသွားရောက်ရန် ခက်ခဲခြင်း	ကျေးလက်ဆေးပေးခန်းမရှိခြင်း	လုပ်အား	ငွေကြေး	ကျန်းမာရေးဦးစီးဌာနသို့ တင်ပြခြင်း	ဆေးပေးခန်းတည်ဆောက်ခြင်း
၄။	ဝင်ငွေနည်းပါးခြင်း	ရပ်ဝေးတွင် အလုပ်သွားလုပ်ရ၍ ခရီးစရိတ်၊ စားစရိတ် အပိုကုန်ကျခြင်း	အလုပ်လုပ်နိုင်သူများခြင်း ကုန်ကြမ်းအလွယ်တကူရရှိခြင်း	ငွေကြေးအရင်းအနှီးခက်ခဲခြင်း	ယက္ကန်းလုပ်ငန်းရှင်များ နှင့် ချိတ်ဆက်၍ ချည်ဆိုးဆေးဖို အဆောက်အဦး တည်ဆောက်ခြင်း	ယက္ကန်းလုပ်ငန်းလုပ်သူများအတွက် ချည်ဆေးဆိုးဖို တည်ဆောက်ခြင်း
၅။	သီးနှံဈေးနှုန်းကောင်းမွန်စွာ မရရှိခြင်း	လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း	သီးနှံအရည်အသွေးကောင်းမွန်ခြင်း လုပ်သားအင်အားရှိခြင်း	ငွေရေးကြေးရေးခက်ခဲခြင်း	ကျေးလက်လမ်းဦးစီးဌာနသို့ တင်ပြခြင်း	၇၀၀' ရှိသော ရွာအဝင်းကျောက်ချောလမ်း အဆင့်မြှင့်တင်ခြင်း

ရွှေဘိုမြို့နယ်၊ ငါးဆူကုန်းကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့်စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၆။	အလုပ်အကိုင်နှင့် အခွင့်အလမ်း နည်းပါးခြင်း	အသက်မွေးဝမ်းကျောင်း ပညာတက်မြောက်သူ နည်းပါးခြင်း	အလုပ်လုပ်နိုင်သူ ပေါများခြင်း	ငွေရေးကြေးရေး အခက်အခဲ၊ အတက်ပညာ၊ နည်းပညာ	ကျေးလက်ဦးစီးဌာနသို့ တင်ပြ၍ အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ပေးရန် တင်ပြခြင်း	စက်ယက္ကန်း၊ စက်ကြီးမောင်း အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ပေးခြင်း
၇။	စိုက်ပျိုးသီးနှံပိုးမွှား ရောဂါကျရောက်ခြင်း နှင့် စိုက်ပျိုးမြေဆီလွှာ ပျက်စီးခြင်း	အသိပညာ ဗဟုသုတ အားနည်းခြင်း	ရေ/မြေ သဘာဝ အခြေအနေကောင်း မွန်ခြင်း	လေ့လာစူးစမ်းလို စိတ်နည်းပါးခြင်း၊ ပြင်ပဆေးကုမ္ပဏီ များမှ လာရောက် ရောင်းချသည့် ဆေးများ၏ သဘောသဘာဝကို မသိရှိပဲ အလွယ် အသုံးပြုခြင်း	မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန နှင့် ချိတ်ဆက်၍ စိုက်ပျိုးရေး ဆိုင်ရာ အသိပညာများ သိရှိ နားလည်ရန် သင်တန်းများ ပို့ချခြင်းနှင့်	စိုက်ပျိုးရေးနှင့် ပတ်သက်၍ သီးနှံပိုးမွှားရောဂါ အသိပညာ ပေးခြင်း၊ စက်ကိရိယာနှင့် နည်းပညာပေးခြင်း
၈။	ဗဟုသုတနည်းပါးခြင်း လူမှုဆက်ဆံရေး ခက်ခဲခြင်း၊ ကျန်းမာရေးနှင့် ပတ်သက်၍ ခက်ခဲခြင်း	စာကြည့်တိုက်မရှိခြင်း	လုပ်အား သဲ စုဆောင်းထားသည့် စာအုပ်များ အသင့် အတင့် ရှိခြင်း	ငွေရေးကြေးရေး ခက်ခဲခြင်း	ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	စာကြည့်တိုက် တည်ဆောက်ခြင်း

ရွှေဘိုမြို့နယ်၊ ငါးဆူကုန်းကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့်စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၉။	ကျောင်းသူ/ကျောင်းသားများ ပညာသင်ရာတွင် ယာဉ်အန္တရာယ်ရှိခြင်း၊ အလယ်တန်းသို့ ဆက်လက်ပညာသင်နိုင်သူဦးရေ နည်းပါးခြင်း	မူလွန်ကျောင်း မရှိခြင်း	ကျောင်းသား အင်အား များခြင်း ဆရာ/ဆရာမ လုံလောက်မှု ရှိခြင်း မြေနေရာပေးနိုင်ခြင်း	ငွေရေးကြေးရေး ခက်ခဲခြင်း	ပညာရေးဦးစီးဌာနသို့ တင်ပြခြင်း	အလယ်တန်းကျောင်းအပြင် အဆင့်မြှင့်တင်ခြင်း
၁၀။	အားကစားပြုလုပ်သည့် လူငယ် နည်းပါးခြင်း၊ အခြားကျေးရွာများနှင့် စည်းလုံးမှု အားနည်းခြင်း၊ ကျေးရွာဖိတ်ခေါ် ဘောလုံးပွဲများသို့ မသွားရောက်နိုင်ခြင်း	ဘောလုံးကွင်း မရှိခြင်း	လူငယ်များခြင်း လုပ်အားပါဝင်နိုင်ခြင်း	ငွေကြေး မြေနေရာမရှိခြင်း	ကျေးရွာတာဝန်ခံ၊ ရပ်မိ ရပ်ဖများမှ မြေနေရာ ရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်း	ဘောလုံးကွင်း ဆောင်ရွက်ခြင်း

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ(ငါးဆူကုန်း)

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁	၃	၄
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကစလေးငယ်	၁၀	၁၀	၂၀
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၇	၁၃	၃၀
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၉	၉	၁၈
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၁၀	၁၂၈	၂၃၈
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၆	၉	၁၅
စုစုပေါင်း		**၁၅၃**	**၁၇၂**	**၃၂၅**
စုစုပေါင်း အိမ်ထောင်စု		**၉၈**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ငါးဆူကုန်းကျေးရွာ၏ အိမ်ထောင်စုကောက်ယူပြီးသောအခါ နို့စို့အရွယ် အလွန်နည်းပါးနေပြီး အလုပ်လုပ်အရွယ်များပြား နေပါသည်။ ကျန်အရွယ်များသာ အသင့်တင့်မျှသာရှိပါသောကြောင့် နို့စို့ အရွယ်နည်းပါးရခြင်းမှာ စီးပွားရေး အဆင်မပြေမှုနှင့် သန္ဓေတားဆေးများ သုံးစွဲရခြင်းကြောင့် လူဦးရေ၊ နို့စို့အရွယ် နည်းပါးရခြင်း ဖြစ်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၁	၂၃	-	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၈	၁၈		မြင့် ☐ လတ်☑ နိမ့် ☐
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၂	**တိရစ္ဆာန် မွေးမြူရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☒
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☒
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☒
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☒
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၉	၁၆	၇၀	မြင့် ☐ လတ်☐ နိမ့် ☒
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း			၁	မြင့် ☐ လတ်☐ နိမ့် ☒
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☒ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☒ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☒
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☒ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☒ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☒ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☒ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၅၀		၁၁၈	☒
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၉၈	၅၇	၁၈၉	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကိုဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"**ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။လက်ရှိ တစ်အိမ်ထောင်ချင်းစီ သတင်းအချက်အလက်များ ကောက်ယူရာတွင် အချို့ အိမ်ထောင်စုများမှာ အလုပ်အကိုင် တိကျစွာ မဖော်ပြနိုင်သော အိမ်ထောင်စုများ ရှိပါသည်။ ကျပန်း အလုပ်အကိုင် လုပ်သူများပြားကာ အလုပ်ကိုင်ခွင့်လမ်း နည်းပါးသော်လည်း ကျေးရွာတွင် ပညာတက် ရောက်မှု နည်းပါးပြီး အသက်မွေးဝမ်းကျောင်းအနေဖြင့် စက်ချုပ်၊ ယက္ကန်းလုပ်ငန်း လုပ်ကိုင်ပြီး အခြား အသက်မွေးဝမ်းကျောင်း အခွင့်အလမ်း နည်းပါးနေပါသည်။

(ခ–၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၆၀၀၀		
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၈၀၀၀	၆၀၀၀	၄၀၀၀	၃၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လုပ်အားခ နှုန်းထားများကို (ကျား)(မ) ဟူ၍ ခွဲခြားထားခြင်း ရှိပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အဌားလုပ်ကိုင်သူများမှာ နေ့စားများ အဖြစ်သာ အလုပ်လုပ်ကိုင်ကြပါသည်။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၂၆	ကောင်း ☐	သင့်☒	ညံ့ ☐
ယာမြေ / တောင်ယာမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၁၂၆	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊

(၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ငါးဆူကုန်းကျေးရွာတွင် လယ်မြေများသာရှိပါသည်။ စားကျက်မြေ၊ မြေလွတ်

မြေလပ်များ မရှိပါ။ ကျေးရွာ၏ ဧရိယာမှာ ကျဉ်းမြောင်းပြီး ရွာ၏ ပတ်ဝန်းကျင်မှာ လယ်မြေများသည် ဆည်ရေသောက်ဖြစ်ပါ၍ နွေစပါး၊ မိုးစပါးများကို နှစ်စဉ် စိုက်ပျိုး ပါသည်။ သို့ဖြစ်ပါ၍ လယ်မြေများသည် နွေနှင့် မိုးစပါး စိုက်ပျိုးရသောကြောင့် မြေဆီလွှာများ အသင့်အတင့် မျှသာ ကောင်းမွန်ပါတော့သည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☒	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☒
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☒	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☒
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☒ မရှိ ☐	လွယ် ☐ ခက်☒ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☒	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ငါးဆူကုန်းကျေးရွာတွင် လယ်ယာမြေများမှ အပ ဓါတ်သတ္တုနှင့်အခြား သဘာဝ အရင်းအမြစ်များ မရှိခြင်း ဖြစ်ပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၇ ဧကမှ ၁၄ ဧက	၃ ဧကမှ ၇ ဧက အောက်	၂ ဧက အောက်နှင့် မြေယာမဲ့	-
အိမ်အခြေအနေ	သွပ်မိုး+အုတ်ခုံ	သွပ်မိုး(သို့) မြေစိုက်	မြေစိုက်	-
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ဆန်စပါးနှင့် လက်တွန်း	ဆန်စပါးနှင့် လက်တွန်း	-	-
အဓိကစီးပွားရေး လုပ်ငန်း	ယက္ကန်းနှင့် စိုက်ပျိုးရေး	စိုက်ပျိုးရေး ယက္ကန်း	လယ်/လယ်ငှား	-
အိမ်ထောင်စု	၈	၁၁	၇၉	

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ငါးဆူကုန်းကျေးရွာတွင် အဆင့်(၄)ဖြင့် သတ်မှတ်ဖော်ထုတ်သော အိမ်ထောင်စု

အရေအတွက် မရှိပါ။ အဆင့်(၁)(၂)(၃)ဟူ၍ ခွဲခြားထားပါသည်။အဆင့်(၁)မှာ (၈)ဦး အဆင့်(၂)မှာ (၁၁)ဦး အဆင့် (၃)မှာ (၇၉)ဦး ဟူ၍ ခွဲခြားထားပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်.. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-

အကြောင်းအရာ	ကျား	မ	ပေါင်း
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	–		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	–		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	–		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ လုံးဝမရှိသောကြောင့် ကျေးရွာ၏ အိမ်ခြေမှာ လူဦးရေနည်းပါးမှုကြောင့် မထိခိုက်ရခြင်းပင် ဖြစ်ပေသည်။ အခြားသော ဒေသအသီးသီးကို သွားရောက်လုပ်ကိုင်ခြင်း မရှိပါ။ ရွာ၏ လယ်ယာမြေစိုက်ပျိုးရေး၌ အခြားဝင်ငွေရ လုပ်ငန်းများသာ လုပ်ကိုင်ကြခြင်းပင်ဖြစ်သည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့် ☒	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☒	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့် ☒	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့် ☒	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့် ☒	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့် ☒	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့် ☒	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့် ☒	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့် ☐	လတ် ☐	နိမ့် ☒	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။သာမန်အားဖြင့် လူမှုရေးစီးပွားရေး အသင့်တင့်ရှိပါ၍ လမ်းပန်းဆက်သွယ်ရေး ညံ့သောကြောင့် ဝန်ဆောင်မှုများ လက်လှမ်းမမှီသေးပါ။ ကျန်းမာရေးနှင့် သဘာဝဘေးကြုံတွေ့ရနိုင်သည့် ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ အနည်းငယ် ကြုံတွေ့ရနိုင်သည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့် ☒	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☒	နိမ့် ☐	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☐	နိမ့် ☒	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐	လတ် ☒	နိမ့် ☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ထိခိုက်လွယ်သည့် အခြေအနေနှင့် ထိခိုက်လွယ်သူများအနေထားသည် သာမန်အားဖြင့် ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်သော အကျိုးဆက်များနှင့် သဘာဝဘေးအန္တရာယ်နှင့်

ဆက်သွယ်သည့်ထက် လူမှုရေး၊ စီးပွားရေးအနေထားကြောင့် ထိခိုက်သည့်အနေထားအဖြစ် တွေ့ရသည်။ လူငယ်များအနေနှင့် သောက်စားမူးရစ်သွားလာခြင်းမှလည်း ထိခိုက်လွယ်မှု အနည်းငယ်ရှိသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရွာမိရွာဖ	၁☐ ၂☐ ၃☒	၅	-	၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး ☒ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☒	ကောင်း ☐ သင့် ☒ ညံ့ ☐
၂	ဂေါပက	၁☐ ၂☐ ၃☒	၆	-	၆	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☒ သင့် ☐ ညံ့ ☐
၃	လျှပ်စစ်မီးလင်းရေးကော်မတီ	၁☐ ၂☒ ၃☐	၆	-	၆	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☒ ညံ့ ☐
၄	လမ်းကော်မတီ	၁☐ ၂☒ ၃☐	၆	-	၆	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☒ ညံ့ ☐
၅	ကျောင်းကော်မတီ	၁☐ ၂☒ ၃☐	၅	-	၅	ပညာရေး ☒ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☒ ညံ့ ☐
၆	လူမှုရေးအဖွဲ့	၁☐ ၂☒ ၃☐	၆	၅	၁၁	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐	ကောင်း ☐ သင့် ☒

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ညံ့ ☐
၇	မီးသတ်အဖွဲ့	၁☐ ၂☒ ၃☐	၅	-	၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☒	ကောင်း ☐ သင့် ☒ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအခြေပြုအဖွဲ့အစည်းများတွင် စီးပွားရေး၊ လူမှုရေးနှင့် ဘာသာရေး၊ ယဉ်ကျေးမှု အခြေခံဖြင့် များစုံသော အဖွဲ့အစည်းများ စုစုပေါင်း(၇)ခုထိ ရှိကာ အများစုမှာ စွမ်းဆောင်မှု အသင့်အတင့် ရှိသည်ဟု ဖော်ပြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
			စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ငါးဆူကုန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်ပေးနိုင်သော အခြား အဖွဲ့အစည်းများ မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၇၇	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၂	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၆	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၁၂	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၁	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၉၈	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။မြေယာမဲ့မှာ ငါးဆူကုန်းကျေးရွာ၏ (၇၇)ရာခိုင်နှုန်းခန့်ရှိကာ မြေယာပိုင်ဆိုင်သူများမှာလည်း (၂၁)ရာခိုင်နှုန်း၊ အိမ်ထောင်စုဖြစ်သော လယ်သမားများမှာ (၁၄)ဧက အထိသာ ပိုင်ဆိုင်မှုသာရှိပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် **ရေသွင်းဧရိယာ**

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၁၂၆	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☒ မဖြေဆိုပါ☐	ရှိ☒ မရှိ☐ မဖြေဆိုပါ ☐
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၆	လက်ငင်းရေတွင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
			မဖြေဆိုပါ□	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ငါးဆူကုန်းကျေးရွာ၏ လယ်ယာမြေများမှာ ဆည်ရေသောက် ဖြစ်ပါသောကြောင့် ရေရရှိမှု လုံလောက်ပြီး ရာသီအလိုက် စိုက်ပျိုးနိုင်ပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်း မျှ	မှ	ထိ		
စပါး	၁၂၆	တင်း	၅၀	၈၀	၆၅	Aug	Jan	မြင့်□ လတ်□နိမ့်□	မြင့်□ လတ□နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ငါးဆူကုန်းကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ ရွှေဘိုပေါ်ဆန်း(ဘေးကြား)စပါး ကို အဓိကထား စိုက်ပျိုးကြပါသည်။ ရာသီဥတုအခြေအနေပေါ်မူတည်၍ တစ်ဧက၏ ထွက်နှုန်းများ

ပြောင်းလဲမှုများ ဖြစ်ပေါ်နိုင်ပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်		-	-	-
လက်တွန်းထွန်စက်	၁၄	-	-	-
အစေ့ချ ကိရိယာ	-	-	-	၇
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	-
ရိတ်သိမ်းစက်	-	-	-	-
ခြွေလှေ့စက်	၃	-	-	-
ရေစုပ်စက်	၁၂	-	-	-
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	၈	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။စိုက်ပျိုးရေးလုပ်ငန်းသုံး ထွန်စက်၊ ရိတ်သိမ်းစက်၊ စက်ကိရိယာများကို တစ်ဦးပိုင် ပုဂ္ဂလိကပိုင်များထံမှ ငှားရမ်းသုံးပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐ မဖြေဆိုပါ☒
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐ မဖြေဆိုပါ☒
စိုက်ပျိုးရေး အရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ☒ မဖြေဆိုပါ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ☒ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☒ မဖြေဆိုပါ ☐
သဘာဝဗြေဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☒ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☒ မဖြေဆိုပါ ☐

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
လုပ်သားရရှိနိုင်မှု	**အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☒ မဖြေဆိုပါ ☐**
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ ☒**
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	**သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐** **သီးနှံများကို ရောင်းချနိုင်သည် ☒ မဖြေဆိုပါ ☐**

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။
လေ့လာတွေ့ရှိချက်။ ။ငါးဆူကုန်းကျေးရွာ၏ သီးနှံထွက်နှုန်းတိုးစေရန်အတွက် အခွင့်လမ်းများရှိသော်လည်း နည်းစနစ်များကို မှန်ကန်တိကျမှု မရှိသောကြောင့် အခွင့်လမ်းများကို မရရှိခြင်းပင် ဖြစ်ပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

